ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံသို့ ရောက်ရှိလျှက်ရှိသော မြန်မာနိုင်ငံသားများ၏ ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့် အခြားကောင်စစ်ရေးရာများ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် လွယ်ကူလျှင်မြန်စေရန်နှင့် (အချိန်ကုန်/စရိတ်ကုန်) ကြန့်ကြာမှုမရှိစေရန်အတွက် သိရှိထားရန် လိုအပ်သည့် အချက်အလက်များနှင့် စာရွက်စာတမ်းများကို ဖော်ပြထားပါသည်။

၁။ ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံသို့ ရောက်ရှိကြောင်းသတင်းပို့ခြင်း - မြန်မာနိုင်ငံသားများ အနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံသို့ (အလုပ်အကိုင်/မှီခိုသူ/ပညာသင်/သင်တန်းသားများ စသည်ဖြင့်) ရောက်ရှိလာပါက ကိုယ်ရေးရာဇဝင်နှင့် ဆက်သွယ်ရန် လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပြီး သံအမတ်ကြီး၊ မြန်မာသံရုံးသို့ လိပ်မူလျှက် သတင်းပေးပို့ အကြောင်းကြားထားရန်လိုအပ်ပါသည်။

၂။ ဝင်ငွေခွန်စတင်ထမ်းဆောင်ခြင်း - ဝင်ငွေခွန်ထမ်းဆောင်ရန် သတ်မှတ်ထားသော အနိမ့်ဆုံးလစာ (ယူရိုငွေကြေးဖြင့်) ၏ ယင်းလစာ၏ (၁၀) ရာခိုင်နှုန်းအား ဝင်ငွေခွန်အဖြစ်ထမ်းဆောင်ရပါမည်။ ဝင်ငွေခွန်ထမ်းဆောင်ရန်အတွက် လိုအပ်သော စာရွက်စာတမ်းများအား www.embassyofmyanmar.be မှ download ရယူဖြည့်စွက်၍ ပူးတွဲတင်ပြရန် ဖြစ်ပါသည်။ (ဝင်ငွေခွန်များကို ဘဏ်သို့ ပေးသွင်းလိုပါက သံရုံးငွေစာရင်းထားရှိသည့် ဘဏ်လိပ်စာအား သံရုံးမှ စုံစမ်းရယူ၍ ပေးသွင်းနိုင်ပါသည်။)

၃။ ဝင်ငွေခွန်ထပ်မံထမ်းဆောင်လိုခြင်း - လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများအား ပူးတွဲတင်ပြလျှောက်ထားရန် ဖြစ်ပါသည်။ (ဝင်ငွေခွန်များကို ဘဏ်သို့ ပေးသွင်းလိုပါက သံရုံးငွေစာရင်းထားရှိသည့် ဘဏ်လိပ်စာအား သံရုံးမှ စုံစမ်းရယူ၍ ပေးသွင်းနိုင်ပါသည်။)

၄။ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးမြှင့်လိုခြင်း - နိုင်ငံကူးလက်မှတ် သက်တမ်း တိုးမြှင့်လိုသူသည် ဝင်ငွေခွန်ကို အနည်းဆုံး နိုင်ငံကူးလက်မှတ် သက်တမ်းကုန်ဆုံးသည့်နေ့အထိ ထမ်းဆောင်ထားသူ ဖြစ်ရပါမည်။ လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများအား ပူးတွဲတင်ပြလျှောက်ထားရန် ဖြစ်ပါသည်။ သက်တမ်းတိုးမြှင့်ရန် (၆) လထက် ကျော်လွန်သူသည် သတ်မှတ်ထားသည့် နောက်ကျကြေးကို (ယူရိုငွေကြေးဖြင့်) ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အဆင့်အတန်းပြောင်းလဲခြင်း - လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများအား ပူးတွဲတင်ပြလျှောက်ထားရန် ဖြစ်ပါသည်။ အလုပ်လုပ်သူမှ မှီခိုသူ အဖြစ် လျှောက်ထားလိုသူသည် လက်ထပ်စာချုပ်မူရင်း၊ သန်းခေါင်စာရင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားနှင့် သက်ဆိုင်ရာမြို့နယ်မှ လက်ထပ်ထားသည်မှာ မှန်ကန်ကြောင်း ထောက်ခံစာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်ထောက်ခံထားချက် {(၆) လမကျော်လွန်သေးသည့်} စသည်တို့ လိုအပ်ပါသည်။ မှီခိုသူ/ကျောင်းသား/ကျောင်းသူ အဖြစ်မှ အလုပ်လုပ်သူအဖြစ် လျှောက်ထားလိုသူသည် မည်သည့်နေ့မှစ၍ အလုပ်ခန့်အပ်ခဲ့ကြောင်း၊ လစာနှုန်းဖော်ပြပါရှိသည့် အလုပ်ခန့်စာနှင့်အတူ လျှောက်ထားရမည် ဖြစ်ပါသည်။

၆။ နိုင်ငံကူးလက်မှတ် သက်တမ်း (၁၀) နှစ်ပြည့်နှင့် စာမျက်နှာကုန်၍ အသစ် လဲလှယ်လိုခြင်း - လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများအား ပူးတွဲတင်ပြလျှောက်ထားရန် ဖြစ်ပါသည်။ (စာရွက်စာတမ်း အားလုံးမိတ္တူ (၂) စုံစီ လိုအပ်ပါသည်။)

၇။ မြန်မာနိုင်ငံသားဖြစ်ကြောင်းထောက်ခံစာလျှောက်ထားခြင်း၊ မြန်မာနိုင်ငံသို့အပြီးပြန်လိုသဖြင့် ခရီးသွားလက်မှတ်ထုတ်ပေးရန် လျှောက်ထားခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ်မရှိခြင်း ကိစ္စတို့အတွက် မြန်မာနိုင်ငံသားဖြစ်ကြောင်း ခိုင်လုံစွာသက်သေပြနိုင်သည့် သက်သေခံလက်မှတ်/ မှတ်ပုံတင်/ မြန်မာနိုင်ငံကူးလက်မှတ် စသည်တို့နှင့်အတူ ပြည်ပသို့ မည်သို့ထွက်ခွာ/ ရောက်ရှိလာသည်၊ လက်ရှိအခြေအနေ၌ မည်သို့ရပ်တည်နေထိုင်သည်ကို မြန်မာဘာသာဖြင့် (ဖြစ်ရပ်မှန်) ကိုယ်တိုင်ရေးလျှောက်ထားလွှာ အပြည့်အစုံ တင်ပြချက်တို့နှင့်အတူ လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများအား (စာရွက်စာတမ်း အားလုံးမိတ္တူ (၂) စုံစီ လိုအပ်ပါသည်။) ပြည့်စုံစွာ ပူးတွဲတင်ပြလျှောက်ထားပါက သံရုံး၏ ထောက်ခံချက်နှင့်အတူ မြန်မာနိုင်ငံရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပူးတွဲတင်ပြရန် လိုအပ်သော စာရွက်စာတမ်းများ စာရင်း

(၁) သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့လိပ်မူလျှက် လျှောက်ထားလိုသော အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြထားသည့်လျှောက်လွှာ။
(၂) သံရုံးမှ သတ်မှတ်ထားသည့် ကိုယ်ရေးရာဇဝင် (မြန်မာဘာသာ (သို့) အင်္ဂလိပ်ဘာသာ တို့ဖြင့် ပြည်စုံစွာ ဖြည့်စွက်ပြီး ရောင်စုံဓါတ်ပုံ-(၁) ပုံ ကပ်ရန်)။
(၃) နိုင်ငံကူးလက်မှတ်မိတ္တူ (စာမျက်နှာ အစမှ ပြည်ဝင်ဗီဇာ အပါအဝင် အထောက်အထားရှိ စာမျက်နှာအားလုံး)။
(၄) အလုပ်ခန့်အပ်သည့် ကုမ္ပဏီမှ အလုပ်ခန့်လွှာမူရင်း။
(၅) ဝင်ငွေခွန်ကိုဘဏ်သို့ ပေးသွင်းပါက ဘဏ်ငွေသွင်းချလံမူရင်းနှင့် မိတ္တူ (၂) စောင်။
(၆) နိုင်ငံကူးလက်မှတ်မူရင်း။
(၇) နောက်ဆုံးထမ်းဆောင်ခဲ့သည့်ဝင်ငွေခွန်အတွက် ထောက်ခံချက်နှင့်ငွေရပြေစာမိတ္တူ နှင့် ဝင်ငွေခွန်မှတ်တမ်း။

## မှတ်ချက်

(၁) သံရုံးသို့ ဝင်ငွေခွန်၊ ကောင်စစ်ရေးရာကိစ္စရပ်များအတွက် လျှောက်ထားသည့်အခါ သံရုံးမှ လျှောက်လွှာ လက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းအားထုတ်ပေးမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ စာရွက်စာတမ်းများ လာရောက်ရွေးယူသည့်အခါ အဆိုပါ လက်ခံဖြတ်ပိုင်းအား ပြသ၍ ရွေးယူရန် ဖြစ်ပါသည်။ လျှောက်လွှာတင်ပြီးနောက် သံရုံးသို့ ဆက်သွယ်စုံစမ်းသည့်အခါတိုင်း အဆိုပါ လက်ခံဖြတ်ပိုင်းအမှတ်နှင့် ရက်စွဲအား ဖော်ပြရန် လိုအပ်ပါသည်။

(၂) ဝင်ငွေခွန်ထမ်းဆောင်ခြင်းအတွက်သာ ဘဏ်လိပ်စာဖြင့် ဝင်ငွေခွန်ပေးသွင်းရန် ဖြစ်ပါကြောင်း အထူးသတိပြုစေလိုပါသည်။ အခြားကောင်စစ်ရေးရာ ကိစ္စများဖြစ်သော နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ခြင်း၊ နိုင်ငံကူးလက်မှတ်စာအုပ်အသစ် ထုတ်ယူခြင်း၊ ကလေးအမည် ဖြည့်စွက်ခြင်း၊ ထောက်ခံစာများ အတွက်ပေးဆောင်ရန် ရှိသည်များကို သံရုံးသို့ သတ်မှတ် (ယူရိုငွေကြေးဖြင့်) တိုက်ရိုက် ပေးသွင်းရမည် ဖြစ်ပါသည်။ သံရုံးမှ ငွေလက်ခံဖြတ်ပိုင်းကို ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။

(၃) မြန်မာသံရုံးအနေဖြင့် မြန်မာနိုင်ငံသားများ၏ အခက်အခဲအား တိကျမှန်ကန်မြန်ဆန်စွာ ဆုံးဖြတ်ပေးနိုင်ရန်နှင့် ဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိတို့ လျှောက်ထားလိုသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ မချွင်းမချန် မှန်မှန်ကန်ကန် ဖော်ပြပေးခြင်းဖြင့် ကူညီပေးစေလိုပါသည်။

(၄) ဘရပ်ဆဲလ်မြို့နှင့် အလှမ်းဝေးကွာသော အရပ်ဒေသတွင် နေထိုင်ကြသူများသည် စာတိုက်မှ တစ်ဆင့် ဆောင်ရွက်နိုင်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ကာယကံရှင်ထံသို့ ပြန်လည်ပေးပို့ရာ၌ လိပ်စာမှားယွင်း၍ ပျောက်ဆုံးခြင်း မရှိစေရန် အတွက် ကာယကံရှင်မှ အပြန်စာအိတ် တစ်လုံးအား နေရပ်လိပ်စာ အပြည့်အစုံ ရေးသားပြီး လိုအပ်သည့် (မှတ်ပုံတင်စာ) တံဆိပ်ခေါင်းကပ်လျက် လျှောက်လွှာများနှင့်အတူ သံရုံးသို့ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။ လက်ခံရရှိပါက သံရုံးသို့ ပြန်ကြားပေးစေလိုပါသည်။ စာတိုက်လုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော နှောင့်နှေးကြန့်ကြာမှု၊ ပျက်စီးပျောက်ဆုံးမှုများအတွက် သံရုံးမှ တာဝန်ယူမည် မဟုတ်ပါကြောင်း ကြိုတင်သတိပေးအပ်ပါသည်။

(၅) မြန်မာနိုင်ငံသားများအနေဖြင့် ကောင်စစ်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြားခံပွဲစားများ/ရှေ့နေများမှ တစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် အရှုပ်အရှင်းများနှင့် မလိုလားအပ်သော ပြဿနာများပေါ်ပေါက်လာနိုင်ပါသဖြင့် ကောင်စစ်ဌာနသို့ ကာယကံရှင်ကိုယ်တိုင် ဖုန်း (သို့မဟုတ်) လူကိုယ်တိုင် တိုက်ရိုက် ဆက်သွယ် စုံစမ်းလျှက် အချက်အလက်၊ အထောက်အထား ပြည့်စုံစွာတင်ပြ လျှောက်ထားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(၆) ကောင်စစ်ကိစ္စ သတ်မှတ်ကောက်ခံနှုန်းထားများ

| | |
|---|---|
| နိုင်ငံကူးလက်မှတ်စာအုပ် သက်တမ်းတိုးမြှင့်ခ / အသစ်ထုတ်ပေးခ | ယူရို (၈၀) |
| နိုင်ငံကူးလက်မှတ် ပျက်စီး/ပျောက်ဆုံးဒဏ်ကြေး | ယူရို (၂၄၀) |
| မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် အသစ်ထုတ်ပေးခ | ယူရို (၄၀) |
| မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် သက်တမ်းတိုးမြှင့်ခ | ယူရို (၄၀) |
| ဖခင်/မိခင် နိုင်ငံကူး လက်မှတ်တွင် ကလေးအမည် ဖြည့်စွက်ခ | ယူရို (၄၀) |
| ထောက်ခံစာခ | ယူရို (၂၅) |

စသည်တို့အား ငွေသားဖြင့် သံရုံးသို့တိုက်ရိုက်ပေးသွင်းရန် ဖြစ်ပါသည်။

(၇) လိုအပ်သော လျှောက်လွှာပုံစံများအား ကောင်စစ်ဌာနတွင်လည်းကောင်း၊ www.embassyofmyanmar.be မှ download ရယူ၍လည်းကောင်း ပုံနှိပ်ထုတ်ယူနိုင်ပါသည်။

(၈) မြန်မာသံရုံးအနေဖြင့် မိမိနိုင်ငံသားများအား ကူညီစောင့်ရှောက်ရန် အစဉ်အမြဲ အသင့်ရှိသည်နှင့်အညီ မလိုလားအပ်သော အချိန်ကုန်/စရိတ်ကုန်ခြင်း၊ လျှောက်လွှာမပြည့်စုံခြင်း စသည် အခက်အခဲများမှ ရှောင်ရှားနိုင်ရန်အတွက် သံရုံးသို့ မလာရောက်မီ၊ ရုံးချိန်အတွင်း ဖုန်းဖြင့်ဆက်သွယ်၍ လိုအပ်သည့် အချက်အလက်များအား စုံစမ်းမေးမြန်းပါရန်၊ ရုံးပိတ်ရက်စာရင်းအား သတိပြုပါရန်၊ လျှောက်လွှာ၊ သတ်မှတ်ပုံစံများ၊ ရောင်စုံဓါတ်ပုံ 35-mm x 45-mm (၂) ပုံ၊ 350 x 450 pixels JPEG Format (CD-Rom)၊ အထောက်အထား စာရွက်စာတမ်းအပြည့်အစုံနှင့်အတူ ၁၀:၀၀ နာရီမှ ၁၂:၀၀ နာရီအတွင်းနှင့် ၁၄:၀၀ နာရီမှ ၁၆:၀၀ နာရီအတွင်း လာရောက်ပါရန် အကြံပြုအပ်ပါသည်။

(၉) မပြည့်စုံသောလျှောက်လွှာများအား လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း၊ ပြည့်စုံစေရန် ထပ်မံဆက်သွယ်တောင်းခံရမည်ဖြစ်သဖြင့် အချိန်ကြာမြင့်နိုင်ပါကြောင်း၊ ပြည့်စုံမှသာလျှင် သံရုံး၏ ထောက်ခံချက်နှင့်အတူ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဆက်လက်ပေးပို့နိုင်မည် ဖြစ်ပြီး၊ ခွင့်ပြုချက် / လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) လျှောက်ထားခြင်း။

## လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) နှင့် ၄င်းဗီဇာ လျှောက်ထားရန် လိုအပ်သူများ။

၁။ မြန်မာနိုင်ငံသား/သူ နှင့် လက်ထပ်ထားသော ဘယ်လ်ဂျီယံ/နယ်သာလန် လူမျိုးများနှင့် အခြား နိုင်ငံခြားသားများနှင့် နိုင်ငံခြားသား နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော ၄င်းတို့၏ သားသမီးများနှင့် ဘယ်လ်ဂျီယံနိုင်ငံနှင့် နယ်သာလန်နိုင်ငံတွင် လက်ရှိနေထိုင်သည့် မြို့နယ်/ရပ်ကွက်၏ ထောက်ခံစာ၌ ဖော်ပြပါရှိသည့် ဆွေမျိုးအရင်းအခြာများ။

၂။ ယခင် မြန်မာနိုင်ငံသား/သူ ဖြစ်ခဲ့ဖူးသူများ ( ယခင်ကိုင်ဆောင်ထားခဲ့သော မြန်မာနိုင်ငံကူးလက်မှတ်အား သံရုံးသို့ ပြန်လည်အပ်နှံပြီး ပေးဆောင်ရန်ရှိသော ဝင်ငွေခွန်များကို ကျေပြွန်စွာ ထမ်းဆောင်ပြီးသူများ ဖြစ်ရပါမည်။) (လိုအပ်ပါက မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြခွင့်ပြုချက် ရယူရပါမည်။)

၃။ အထက်ပါ အမှတ်စဉ် (၁) ၊ (၂) နှင့် ကိုက်ညီသူများသည် မြန်မာနိုင်ငံရှိ မိဘ/ဆွေမျိုးများနှင့် တွေ့ဆုံရန်အတွက် ဖြစ်စေ၊ အလည်အပတ် ဖြစ်စေ၊ မြန်မာနိုင်ငံရှိ မိသားစုနှင့်အတူ နေထိုင်ရန်ဖြစ်စေ သွားရောက်သည့်အခါ လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) ရယူ လျှောက်ထားရန် လိုအပ်ပါသည်။)

၄။ ဗီဇာရရှိသည့်နေ့မှ စ၍ (၃)လအတွင်း မြန်မာနိုင်ငံသို့ သွားရောက်နိုင်ပါသည်။

၅။ မြန်မာနိုင်ငံတွင် အများဆုံးနေထိုင်ခွင့် ကာလမှာ ရက်သတ္တ (၄) ပတ် {သို့မဟုတ်} (၂၈)ရက် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်လိုပါက မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ လူဝင်မှု ကြီးကြပ်ရေးဌာနတွင် နေထိုင်ခွင့် ကာလအား ဆက်လက် သက်တမ်းတိုးပေးရန် လျှောက်ထားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း မြန်မာနိုင်ငံအစိုးရမှ တရားဝင် အသိအမှတ်ပြု လိုင်စင် ထုတ်ပေးထားသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း များတွင် သာမက ဆွေမျိုးများ၊ မိတ်ဆွေများ၏နေအိမ်များတွင် တည်းခိုရန် နေထိုင်နိုင်ပါသည်။

## လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ (Social Visit Visa) အား လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ။

(၁) သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့လိပ်မူလျှက် လျှောက်ထားသော လျှောက်လွှာ။

(၂) ဗီဇာလျှောက်ထားသူ နှင့် ၄င်း၏ မိသားစု အမည်များပါဝင်သော လက်ရှိနေထိုင်သည့်ရပ်ကွက်၏ ထောက်ခံစာ မူရင်း နှင့် မိတ္တူ။

(၃) ပြည့်စုံစွာဖြည့်စွက်ထားသော သံရုံးမှ ထုတ်ပေးသောကိုယ်ရေးရာဇဝင်ပုံစံ

- ဗီဇာလျှောက်ထားသူသည် ယခင် မြန်မာနိုင်ငံသား ဖြစ်ခဲ့ဖူးပါက ဤပုံစံအား ဖြည့်စွက်ရန် လိုအပ်ပါသည်။

- ဗီဇာလျှောက်ထားသူ နိုင်ငံခြားသား/သူ ဖြစ်ပါက ၄င်း၏ {ဇနီး (သို့မဟုတ်) ခင်ပွန်း} မှလည်း ဖြည့်စွက်ပေးရန် လိုအပ်ပါသည်။) (ဖြည့်စွက်သူ၏ ကာလာဓါတ်ပုံ (Size 35 mm x 45 mm) ကပ်ရန် လိုအပ်ပါသည်။) 350 x 450 pixels JPEG Format (CD-Rom)

(၄) မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူ

- ဗီဇာလျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ခဲ့ဖူးပါက ယခင် မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူ လိုအပ်ပါသည်။

- ဗီဇာလျှောက်ထားသူသည် နိုင်ငံခြားသား ဖြစ်ပါက ၄င်း၏ {ဇနီး (သို့မဟုတ်) ခင်ပွန်း} ၏ မြန်မာနိုင်ငံကူးလက်မှတ် မိတ္တူ လိုအပ်ပါသည်။ (မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူတွင် ဓါတ်ပုံပါရှိသော စာမျက်နှာ၊ ဗီဇာရရှိထားသော စာမျက်နှာနှင့် မြန်မာသံရုံးမှ သက်တမ်းတိုးပေးထားသော စာမျက်နှာများအား တင်ပြနိုင်ရပါမည်။)

(၅) ဗီဇာလျှောက်ထားသူများ ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်မှာ လျှောက်ထားချိန်တွင် ဗီဇာထုတ်ပေးမည့်နေ့မှ သက်တမ်း (၆)လ ထက်ပိုသော သက်တမ်းရှိရမည် ဖြစ်ပြီး ဗီဇာရိုက်နှိပ်ရန် စာမျက်နှာ အလုံအလောက် (အနည်းဆုံး နှစ်မျက်နှာ) ရှိသည့် နိုင်ငံကူးလက်မှတ် (မူရင်း) ဖြစ်ရပါမည်။ ထို့ပြင်ဗီဇာလျှောက်ထားသူသည် ဘယ်လ်ဂျီယံ/နယ်သာလန် လူမျိုး မဟုတ်ဘဲ အခြားနိုင်ငံခြားသားများ ဖြစ်ပါက သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် Re-Entry Visa ရရှိထားသူများ ဖြစ်ရပါမည်။

(၆) ဗီဇာလျှောက်ထားသူ နိုင်ငံခြားသားမှ ဖြည့်စွက်ရန် လိုအပ်သော ဗီဇာပုံစံများ

- Application of Entry/Business Visa Form (၂) ရွက် (ကာလာဓါတ်ပုံ (Size 35 mm x 45 mm) တစ်ပုံစီကပ်ရန်) 350 x 450 pixels JPEG Format (CD-Rom)

- လျှောက်ထားသူသည် မြန်မာနိုင်ငံတွင် နေထိုင်စဉ် အတွင်း မြန်မာနိုင်ငံအစိုးရမှ တရားဝင် အသိအမှတ်ပြု လိုင်စင် ထုတ်ပေးထားသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် သာမက ဆွေမျိုးများ၊ မိတ်ဆွေများ၏ နေအိမ်များတွင်၊ တည်းခိုရန် နေထိုင်နိုင်ပါသဖြင့် လက်ခံမည့်သူ၏ အမည် နှင့် လိပ်စာကို အတိအကျ ဖော်ပြရပါမည်။

၁။ အထက်ဖော်ပြပါ စာရွက်စာတမ်းများသည် လူမှုရေးဆိုင်ရာပြည်ဝင်ဗီဇာ လျှောက်ထားရန် အတွက်သာ ဖြစ်ပါသည်။ ကောင်စစ်ဝန်မှ ထောက်ခံစာ တောင်းခံခြင်း ကိစ္စများပါ တစ်ပြိုင်တည်း ဆောင်ရွက်လိုပါက ကောင်စစ်ဝန်သို့ ဆက်သွယ်ပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားနိုင်ပါသည်။

၂။ ထပ်မံ သိရှိလိုသော အချက်များ ရှိပါက မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့၊ ဖုန်းဖြင့် ၁၀း၀၀ နာရီမှ ၁၂ နာရီအတွင်း၊ ၁၄း၀၀ နာရီမှ ၁၆း၀၀ နာရီ အတွင်း ဖုန်းနံပါတ် ၀၂-၇၀၁-၉၃၈၀ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။ ထပ်မံ လိုအပ်သော စာရွက်စာတမ်းများ ပေးပို့ လိုပါက VISA SECTION အမည်တပ်လျက် ဖက်စ်နံပါတ် ၀၂-၇၀၅-၅၀၄၈ သို့ ပေးပို့နိုင်ပါသည်။

၃။ http://www.embassyofmyanmar.be တွင် လူမှုရေးဆိုင်ရာ ပြည်ဝင်ဗီဇာ လျှောက်ထားရန်အတွက် ပုံစံ၊ စာရွက်စာတမ်းများအား Download ပြုလုပ်ရယူနိုင်ပါသည်။